ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့

အမိန့်အမှတ် ၁ /၂၀၂၄

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်)

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့သည် အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် ၅၂၄/၂၀၂၂ အရ ထိန်းချုပ်အစားအသောက်ဖြစ်သည့် အမှတ်တံဆိပ်ပါ ဘူးသွင်းသောက်ရေသန့်ဖြစ်စေ၊ အမှတ်တံဆိပ်ပါ စားသုံးဆီဖြစ်စေ ထုတ်လုပ်သူလိုက်နာရန်အမိန့်**

ထိန်းချုပ်အစားအသောက်ဖြစ်သည့် အမှတ်တံဆိပ်ပါ ဘူးသွင်းသောက်ရေသန့်ဖြစ်စေ၊ အမှတ်တံဆိပ်ပါ စားသုံးဆီဖြစ်စေ ထုတ်လုပ်သူသည် -

(၁) ဤအမိန့်ထွက်ရှိသည့်နေ့မှစ၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လျှောက်ထားရယူပြီးမှသာ သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသို့ လိုင်စင်လျှောက်ထားခြင်းများ ဆောင်ရွက်ရမည်။

(၂) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းထံမှ လိုင်စင်ရရှိထားသော်လည်း အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် မရရှိထားပါက ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ထက်နောက်မကျစေဘဲ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လျှောက်ထားရယူရမည်။

(၃) ယင်းထောက်ခံချက်ကို လိုင်စင်ထုတ်ပေးသည့် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသို့ တင်ပြခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်းနှင့် လိုင်စင်အသစ်ပြုလုပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ယင်းသက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်း၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

ဒေါက်တာသက်ခိုင်ဝင်း

ဥက္ကဋ္ဌ

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့